ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်


## Village Development Plan (VDP)

## အငူကျေးရွာ၊သနပ်ပွင်ချင်းကျေးရွာအုပ်စု

မာတိကာ


၁။ကျောက်တန်းမြို့နယ်မြေပုံ.....2
၂။သနပွင်ချင်းကျေးရွာအုပ်စုမြေပုံ.....3
၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း.....4
၄။ကျေးရွာအခြေခံအချက်အလက်များ.....5
၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်.....6
၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ ...7
၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ.....21s
၈။ကျေးရွာကော်မတီစာရင်း.....24
၉။ပုံစံ-၁။ကျေးရွာအချက်အလက်.....25
၁၀။ပုံစံ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် .....28
၁၁။အစည်းအဝေးမှတ်တမ်းများ.....30
၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)..... 34

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ



ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
ကျောက်တန်းမြို့
ရန်ကုန်မြစ်
စစ်တောင်းမြစ်
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

## ၂။ သနပွင်ချင်းကျေးရွာအုပ်စုမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၁။ အငူကျေးရွာ

၂။ သနပ္ပချင်းကျေးရွာ

၃။ မြွေပွေးကုန်းကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

အငူကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး၊ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်နှင့် (၁၇)မိုင်ခန့် ကွာဝေးသောရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာကို နှစ်ပေါင်း(၁၅၀)ကျော်က တည်ထောင်ခဲ့ပါသည်။ အငူဟူ၍ အမည်တွင်ရခြင်းမှာ ချောင်းနံဘေးရှိ အငူအစွန်းပေါ်တွင် အိမ်ခြေအနည်းငယ်ဖြင့် စတင်တည်ထောင်ခဲ့ရာမှ အငူကျေးရွာဟု အမည်တွင်လာခဲ့ပါသည်။ စတင်တည်ထောင်သောအချိန်တွင် အိမ်ခြေ (၅)အိမ်သာရှိခဲ့ပြီး ယခု အချိန်တွင် အိမ်ထောင်စု(၂၁၄)နှင့် လူဦးရေ(၉၆၅)ရှိလာပြီးဖြစ်သည်။ ဗမာလူမျိုးစု အများဆုံးနေထိုင်ပြီး ဟိန္ဒူ လူမျိုးအနည်းငယ်နေထိုင်ပါသည်။ အငူကျေးရွာသည် သနပ္ပင်ချင်းကျေးရွာအုပ်စုတွင် ပါဝင်ပါသည်။ စိုက်ပျိုးရေး နှင့်ရေလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပြီး မွေးမြူရေးကိုလည်း တနိုင်တပိုင် လုပ်ကိုင်ကြပါသည်။ လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်သော်လည်း မီးရရှိခြင်းမရှိသေးပေ။ ကျေးရွာတွင် သောက်သုံးရေကန် (၅)ကန်ရှိပြီး နွေရာသီတွင် လုံလောက်မှုမရှိပေ။ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းနှင့် စေတီ(၂)ဆူရှိပါသည်။

## ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဟိန္ဒူ | ၄ | ၆ | ၉ | ၁၅ |

## ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၁၄၀ | ၆၀ | ၈၀ | ၁၄၀ |
| မြေယာမဲ့ | ၅၀ | ၃၅ | ၃၅ | ၇၀ |
| မသန်စွမ်း | ၂ | ၁ | ၁ | ၂ |

## ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | ဈေးဆိုင် | နိုင်ငံခြားသွား |
| ရေလုပ်ငန်း | ဝက် | အသေးစားအရောင်းအဝယ် | |
| | ဘဲ | | |
| | ဆိတ် | | |
| | | | |

## ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၇၀၀ | - | - | - | -/၅ | - |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | လယ်ယာသုံးစက် | ဈေးဆိုင် |
| အရေအတွက် | - | - | ၂ | - | ၇၀ | ၂ |

## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ


| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | - | - | - | ၂၅ | ၃၅ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| ၂အရေအတွက် | ၃၀ | ၁၅ | ၇ | ၅၀ | ၁ |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၁၃-၂-၂၀၂၄ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၈၉ | ၆၉ | ၁၅၈ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ လယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၁၃-၂-၂၀၂၄ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၈၉ | ၆၉ | ၁၅၈ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ဉစ္စာနေကြွယ်ဝမှု အဆင့်သတ်မှတ်ချက် | ၁၄-၂-၂၀၂၄ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး အုပ်စုများ | ၂၂ | ၂၀ | ၄၄ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံသုံးသပ်ချက် | ၁၄-၂-၂၀၂၄ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၂၂ | ၂၀ | ၄၄ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ်သုံးသပ်ချက် | ၁၅-၂-၂၀၂၄ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၆၄ | ၅၇ | ၁၂၁ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၁၅-၂-၂၀၂၄ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၆၄ | ၅၇ | ၁၂၁ | ကျေးရွာတွင်းရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအားသိရှိခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ် ချက်များ


### ၁။လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်။




**သုံးသပ်ချက်**

သနပ္ပင်ချင်းကျေးရွာအုပ်စု၊ အငူကျေးရွာသည် အိမ်ထောင်စုပေါင်း(၂၃၄)စုရှိပြီး လူဦးရေ(၉၆၅) ရှိပါသည်။ အငူကျေးရွာတွင် ဗမာလူမျိုးစု အများဆုံးနေထိုင်ပြီး ဟိန္ဒူလူမျိုးစု အနည်းငယ်လည်း နေထိုင်ကြသည်။ ကျေးရွာ၏ အဓိက လုပ်ငန်းများမှာ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းတို့ကို လုပ်ကိုင်ကြပါသည်။ ရေကန်(၅) ကန်ရှိပြီး နွေရာသီတွင် သောက်ရေ၊ သုံးရေလုံလောက်မှုမရှိပေ။ စေတီ(၂)ဆူနှင့် ဘုန်းကြီးကျောင်း(၁) ကျောင်း လည်းကျေးရွာတွင်ရှိသည်။ ကျေးရွာ၏အရှေ့ဘက်တွင် ပန်းတောကျေးရွာရှိပြီး အနောက်ဘက်တွင် သနပ္ပင်ချင်း ကျေးရွာရှိသည်။ မြောက်ဘက်တွင် မော်ဝန်းချောင်းရှိပြီး တောင်ဘက်တွင် ခမယ်ကျေးရွာရှိသည်။ အငူကျေးရွာ တွင်ဆန်စက်(၂)လုံးလည်းရှိသည်။ ကျေးရွာတွင် မူလတန်းစာသင်ကျောင်းတစ်ကျောင်းနှင့် စာကြည့်တိုက်တစ် ခုလည်းရှိသည်။ ကျေးလက်ဆေးခန်းမရှိသလို မီးရရှိခြင်းလည်း မရှိသေးပေ။ ကျေးရွာတွင် သုသာန်တစ်ခုလည်းရှိ သည်။ ကျေးရွာတွင်းလမ်းများမှာ ကွန်ကရစ်လမ်းများနှင့် မြေသားလမ်းများဖြစ်သည်။ ကျေးရွာအတွက် အများသုံး အိမ်သာ (၅)လုံးကိုလည်း အလှူရှင်တစ်ဦးမှ ဆောက်လုပ်လှူဒါန်းထားသည်ကို တွေ့ရှိရပါသည်။

## ၂။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်။



အငူ

ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်


| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်းများ | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| အလွန်ပြေလည် | - ပျဉ်ထောင်၊သွပ်မိုး၊လယ်(၁၀)ကေ၊ဆိုင်ကယ်၊ - ထော်လာဂျီ၊ဖုန်း၊TV၊ရွှေနားပျံ၊နွား | ၄၀ | ၁၇ % |
| ပြေလည် | - သွပ်မိုး၊ထရံကာ၊ပျဉ်ခင်း၊လယ်(၅)ကေ၊စက်ဘီး၊ ဖုန်း၊TV၊ | ၁၀၀ | ၄၂ % |
| နွမ်းပါး | - ဓနိမိုး၊ဓနိကာ၊ဝါးခင်း၊ဖုန်း | ၉၄ | ၄၀ % |
| | | | ၁၀၀ % |

**သုံးသပ်ချက်**

အငူကျေးရွာတွင် အလွန်ပြေလည်၊ ပြေလည်၊ နွမ်းပါးဟူ၍ လူမှုအဆင့်(၃)ဆင့်ရှိသည်။ အလွန်ပြေလည်သော အဆင့်တွင် ပျဉ်ထောင်၊ သွပ်မိုး၊ လယ်(၁၀)ကေ၊ ဆိုင်ကယ်၊ ထော်လာဂျီ၊ ဖုန်း၊ တီဗွီ၊ ရွှေနားပျံ၊ နွား၊ စက်လှေစသည်တို့ ပိုင်ဆိုင်ခြင်းများဖြစ်ပြီး အိမ်ထောင်စုမှာ(၄၀)စုဖြစ်ကာ ရာခိုင်နှုန်းမှာ(၁၇%)ဖြစ်ပြီး ပြေလည်သောအဆင့်တွင် သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း၊ လယ်ကေ(၅)ကေ၊ စက်ဘီး၊ ဖုန်း၊ တီဗွီစသည်တို့ပိုင်ဆိုင်ပြီး အိမ်ထောင်စုမှာ(၁၀၀)စုဖြစ်ကာ ရာခိုင်နှုန်းမှာ(၄၂%)ဖြစ်သည်။ နွမ်းပါးသောအဆင့်တွင် ဓနိမိုး၊ ဓနိကာ၊ ဝါးခင်း၊ ဖုန်းပိုင်ဆိုင်ခြင်းတို့ဖြစ်ပြီး အိမ်ထောင်စုမှာ(၉၄)စုဖြစ်ကာ ရာခိုင်နှုန်းမှာ( ၄၀%) ဖြစ်သည်ဟု ကျေးရွာသူရွာသားများမှ သတ်မှတ်ခဲ့ကြပါသည်။

ကျေးရွာအတွင်းနွမ်းပါးရခြင်းမှာ ဂင်ငွေနည်းပါးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးခြင်း၊ ပုံမှန်ဂင်ငွေမရှိခြင်း၊ အရှယ်မတိုင်ခင် လုပ်ငန်းခွင်ကိုဝင်ရခြင်းများ၊ အသိပညာ၊ အတက်ပညာများ နည်းပါးခြ င်းများ၊ မသန်မစွမ်းများကို ကြည့်ရှုစောင့်ရှောက်ချိန်များကြောင့် အပြင်ထွက် အလုပ်မလုပ်နိုင်ခြင်းများက အငူကျေးရွာတွင် နွမ်းပါးသူများပြားရခြင်း၏ အဓိကအကြောင်း အရင်းများဖြစ်သည်။

၃။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်။



**သုံးသပ်ချက်**

**ရာသီဥတု** တပိုတွဲ၊ တပေါင်း၊ တန်ခူး၊ ကဆုန်တွင်ရာသီဥတုသည် အနည်းငယ်ပူပြင်းပြီး နယုန်၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်းလ များတွင် မိုးများ သည်းထန်စွာ ရွာသွန်း၍ သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် မိုးအနည်းငယ်သာ ရွာပါသည်။ နတ်တော်၊ ပြာသိုလများတွင် အနည်း ငယ် အေး၍ ရာသီဥတုသာယာပါသည်။

**စိုက်ပျိုးရေး** ကဆုန်၊ နယုန်လများတွင် စတင်ထွန်ယက်ပြီး ဝါဆို၊ဝါခေါင်လများတွင်စိုက်ပျိုးရေးကိုစ တင်ကာ သီတင်းကျွတ်၊တန်ဆောင်မုန်းလများတွင်ရိတ်သိမ်းခြင်းများကိုပြုလုပ်ကြကာ ပြာသိုတွင် ပဲတီစိမ်းသီးထပ်စိုက်ပျိုးကြပြီး တပိုတွဲ၊ တပေါင်းလများတွင် ပြန်လည်ရိတ် သိမ်းကြသည်။

**ဝင်ငွေ/ထွက်ငွေ** နတ်တော်၊ ပြာသို၊ တပိုတွဲ၊ တပေါင်းလများတွင် ရာသီသီးနှံပေါ်ချိန်ဖြစ်၍ ဝင်ငွေအသင့်အတင့်ရှိသော်လည်းကျန်လများတွင်နေ့စားလုပ်ငန်းများဖြင့်သာလုပ်ကိုင်ဆောင်ရွက်ရခြင်းကြောင့်မိသားစုဝင်ငွေမှာ နည်းပါးပါသည်။

**လုပ်ငန်းအားလပ်ချိန်** ကျေးရွာတွင် တန်ခူး၊ တပိုတွဲ၊ တပေါင်းလများသည် ကျေးရွာ၏အား လပ်ချိန်များဖြစ်သော်လည်းနေ့စားအလုပ်သမားအိမ်ထောင်စုများပြားသောကြောင့်သီးသန့်အားလ ပ်ချိန်ဟူ၍မရှိဘဲလုပ်ရမည့်အလုပ်မရှိသောနေ့များသည်အားလပ်ချိန်များဖြစ်သည်။

**လမ်းပန်းဆက်သွယ်ရေး** နယုန်၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်လများတွင် ရွာချင်းဆက်လမ်း များ ပျက်စီးသောကြောင့် သွားလာရခက်ခဲကြောင်းတွေ့ရသည်။

**ပွဲတော်ကျင်းပချိန်** တန်းခူးလတွင် သင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ ၊ သီတင်းကျွတ်လတွင် မီးထွန်း ပွဲ၊ တပေါင်းလတွင် ဘုရားပွဲတော်များကျင်းပကြပြီး တပေါင်းလတွင် ကျေးရွာ၏ ဘုရားပွဲနှင့် တရားပွဲတို့ပါကျင်းပပါသည်။

**သောက်သုံးရေရရှိမှု** တန်ခူးလနှင့် တပေါင်းလများတွင် သောက်သုံးရေ မလုံလောက်သော အနေအထား တွင်ရှိသည်။

**ကျန်းမာရေး** ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်သော နှာစေးခြင်း၊ ချောင်းဆိုးခြင်း၊ တုတ်ကွေးတို့ကို တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသိုလများတွင် ဖြစ်လေ့ရှိပါသည်။

**တံငါလုပ်ငန်း** တန်ခူး၊ ကဆုန်၊ နယုန်၊ ဝါဆို၊ ဝါခေါင်လများတွင် ကျားပိုက်လုပ်ငန်းကို လုပ်ကိုင်ကြသည်။

**အစာရေစာဖူလုံမှု** ကျေးရွာအတွက် အစာရေစာဖူလုံမှုတွင်လည်း ကဆုန်၊ နယုန်၊ ဝါဆို၊ ဝါခေါင်၊ တော်သ လင်း၊ သီတင်းကျွတ်လများတွင် အစာရေစာဖူလုံမှုမရှိပဲ တန်ခူး၊ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပိုတွဲ၊ တပေါင်းလများတွင် အသင့်အတင့် အနေအထား တွင်ရှိကြောင်းတွေ့ ရှိပါ သည်။

၄။ ဗင်းပုံစံသုံးသပ်ချက်။




**သုံးသပ်ချက်**

ကျေးရွာအတွင်း အဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးမှူးနှင့် ကျောင်းကော်မတီ၊ ပရဟိတအဖွဲ့တို့သည် ကျေးရွာ၏ပညာရေး မြင့်မားလာစေရန်နှင့် ကျေးရွာဖွံ့ဖြိုး တိုးတတ်လာစေရန်အတွက် ပူးပေါင်း ဆောင်ရွက်ကြပြီး အမျိုးသမီးများ၏ အခက်အခဲများကို ဖြေရှင်းပေးပါသည်။ ကျေးရွာလူထု၊ ဂေါပကအဖွဲ့ တို့သည် ကျေးရွာဘာသာ ရေး၊ သာသနာရေး ရေရှည်တည်တံ့ရန် ဆောင်ရွက်ကြပါသည်။ မြစိမ်းရောင် နှင့် သမ အဖွဲ့အစည်းများသည် ကျေးရွာ၏ စီးပွားရေး လုပ်ငန်းများအား တိုးချဲ့ လုပ်ဆောင်ခြင်း၊ ကျေးရွာ၏ အရင်းမပျောက် လည်ပတ်ရန်ပုံငွေအဖြစ် ထုတ်ချေးထားသည်ကို တွေ့ရှိရပါသည်။ ကျေးရွာ၏ အမျိုးသမီးများနှင့် ကလေးသူငယ်များ အတွက် အမျိုးသမီးရေးရာအဖွဲ့ ကိုလည်းထားရှိပေးထားသည်ကို တွေ့ရသည်။ နာရေးကူညီမှု၊ ဧည့်ခံအဖွဲ့၊ ရပ်ရွာအထောက်အကူ၊ ကာလသား/မီးအဖွဲ့ တို့သည်လည်း ကျေးရွာ၏သာရေး၊ နာရေး ကိစ္စများတွင် ကူညီပေးသည်။

ကျေးရွာပြင်ပ အဖွဲ့အစည်းဖြစ်သော မြို့နယ်ထွေအုပ်၊ မြို့နယ်ရဲစခန်း၊ မြို့နယ်ပြည်သူ့ဆေးရုံ၊ ကျေးလက်ကျမ်းမာရေး၊ မြို့နယ်ပညာရေး၊ ကျေးရွာအဖွဲ့အစည်းများနှင့် ကဏ္ဍအသီးသီးတွင် ချိတ်ဆက် ဆောင်ရွက်နေသည်ကိုလဲ တွေ့ရှိရပါသည်။

၅။ ပင့်ကူအိမ် သုံးသပ်ချက်။



**သုံးသပ်ချက်**

**ဆုံးဖြတ်ပိုင်ခွင့်** ကျေးရွာအတွင်း ဆုံးဖြတ်ချက်များချရာတွင် အမျိုးသားများက အမျိုးသမီးများထက် ပို၍ ဆုံးဖြတ်ချက်ချနိုင်သည်ကို တွေ့ရှိရပါသည်။ အဘယ့်ကြောင့်ဆိုသော် ဟိုးယခင်ကတည်းက ကိစ္စတော်တော်များများကို အမျိုးသားများကသာ ဆုံးဖြတ်ချက် ချခဲ့ကြသောကြောင့် ယခုချိန်ခါတွင် အမျိုးသမီးများသည် မိမိကိုယ်ကို ယုံကြည်မှုအားနည်းလာပြီး ဆုံးဖြတ်ချက်ချရာတွင် ပါဝင်မှုအားနည်းလာသည်ကို တွေ့ရသည်။

**သာရေး/နာရေး** သာရေး/နာရေး လုပ်ဆောင်ရာတွင် အမျိုးသားနှင့် အမျိုးသမီးများသည် တန်းတူလုပ်ဆောင်ကြကြောင်း တွေ့ရှိရသည်။

**လုံခြုံမှု** အမျိုးသားများသည် အမျိုးသမီးများထက် လုံခြုံမှုအပြည့်ရှိသည် ကိုတွေ့ရပြီး အမျိုးသမီးများ၏လုံခြုံမှုမှာ အားနည်းကြောင်း တွေ့ရှိရပါသည်။

**အလုပ်ကိုင်အခွင့်လမ်း** ကျေးရွာအတွင်း အမျိုးသားများက အနည်းငယ် အလုပ်အကိုင် အခွင့်အလမ်းပိုမိုရရှိပြီး အမျိုးသမီးများ၏ အလုပ်အကိုင် အခွင်အလမ်းမှာ အနည်းငယ် နည်းပါးပါ သည်။


**ဝင်ငွေရရှိမှု** ဝင်ငွေရရှိမှုတွင် အမျိုးသမီးများက အိမ်မှုကိစ္စများနှင့် အချိန်ကုန်နေရသောကြောင့် ဝင်ငွေနည်းပါးနေသည်ကို တွေ့ရပြီး အမျိုးသားများသည် အိမ်၏ဝင်ငွေအဓိကရှာရသူများဖြစ်နေပြီး ဝင်ငွေပိုမိုရရှိသည်ကို တွေ့ရပါသည်။


**ပညာရေးပါဝင်မှု** အမျိုးသားများနှင့် အမျိုးသမီးများသည် ပညာရေးတွင် တန်းတူအခွင့်ရေးများ ရရှိသည်ကို တွေ့ရှိရပါသည်။

**ဦးဆောင်နိုင်မှု** ကျေးရွာ၏ ဘာသာရေး၊ သာသနာရေး အစရှိသည်တို့တွင် အမျိုးသမီးများ၏ ဦးဆောင်နိုင်မှုမှာ အနည်းငယ်နည်းပါးပြီး မြန်မာ့ထုံးတမ်း အစဉ်လာအရ အမျိုးသားများကသာ ဦးဆောင်နေသည်ကို တွေ့ ရှိရပါသည်။

**အိမ်မှုကိစ္စအပေါ်ဆောင်ရွက်မှု** အမျိုးသားများသည် အိမ်မှုကိစ္စအပေါ်တွင် ပူးပေါင်းပါဝင်မှုရှိသော်လည်း အမျိုးသမီးများကသာ အိမ်မှုကိစ္စများကို လုပ်ဆောင်ရမည်ဟူသော အစဉ်အလာအရ ယခုအချိန်ထိ အမျိုးသမီးများကသာ အများဆုံးလုပ်ဆောင်ရသည်ကို တွေ့ရှိရပါသည်။

၆။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း။




(ကျား)
(မ)
ဆိုင်ကယ်
ဈေးဆိုင်
ကောက်စိုက်
စပါးရိတ်
စာကြည့်တိုက်
ဘုန်းကြီးကျောင်း
စာသင်ကျောင်း

**သုံးသပ်ချက်**

**ထိန်းချုပ်မှု** ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော ဆိုင်ကယ်၊ ထော်လာဂျီ၊ ပျိုးနှုတ်၊ ဘောလုံးကွင်း၊ ခြင်းခတ်၊ ထွန်ယက်၊ အပ်ချုပ်စက်၊ စာသင်ကျောင်း၊ စက်ဘီး၊ ထွန်ယက်ခြင်း စသည်တို့ကို အမျိုးသားများက ထိန်းချုပ်ထားပြီး ဈေးဆိုင်၊ ကောက်စိုက်၊ ပဲခူးခြင်းတို့ကို ထိန်းချုပ်ထားပြီး ပိုက်မတ်၊ စပါးရိတ်၊ ရကန်၊ စာကြည့်တိုက်၊ လမ်း၊ တံတား၊ ဘုန်းကြီးကျောင်း စသည်တို့ကို အမျိုးသား/ အမျိုးသမီး များက ထိန်းချုပ်ကြပါသည်။

**အသုံးပြုမှု** ကျေးရွာ၏ အရင်းအမြစ်ဖြစ်သော ထော်လာဂျီ၊ ပျိုးနှုတ်၊ ခြင်းခတ်၊ ဘောလုံးကွင်း စသည်တို့ကို အမျိုးသားများက အသုံးပြုပြီး အပ်ချုပ်စက်၊ ဈေးဆိုင်၊ ပိုက်မတ်၊ ပဲခူး၊ ကောက်စိုက်ခြင်း စသည်တို့ကို အမျိုးသမီးများက အသုံးပြုပါသည်။ ဘုန်းကြီးကျောင်း၊ ရေကန်၊ စပါးရိတ်၊ စာသင်ကျောင်း၊ စက်ဘီး၊ စာကြည့်တိုက်၊ လမ်း၊ တံတားစသည်တို့ကို အမျိုးသား၊ အမျိုးသမီးများက အသုံးပြုကြပါသည်။

## အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ

### ၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများကို ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေး၏ အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ်ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြု လုပ်သော လုပ်ငန်းခွဲများတွင် အမျိုးသမီးများမှ တင်ပြတောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။ ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့်အုပ်စုများ ဖွဲ့၍ အခက်အခဲများ၊ မျှော်မှန်းချက်များ၊ ဖွံ့ဖြိုးရေးလုပ်ငန်းခွဲများ ထွက်ပေါ်လာသည်ထိ ဖော်ထုတ်ခြင်း လုပ် ငန်းကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

## ၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

မေးမြန်းသည့်ရက်။ ရက်စွဲ - ၁၅.၂.၂၀၁၇

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | X | |
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရား များကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေး အတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခက် အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင် ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |

| | | | | |
|---|---|---|---|---|
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင် မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြော ကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



**အမျိုးသမီးအုပ်စု၏ မှတ်တမ်းဓါတ်ပုံ**



အမျိုးသား၊ အမျိုးသမီးအုပ်စု မှတ်တမ်းတင်ဓါတ်ပုံ။



ကော်မတီဝင်များအားမဲပေးရွေးချယ်ခြင်း မှတ်တမ်းဓါတ်ပုံ



ကော်မတီဝင်များအားမဲပေးရွေးချယ်ခြင်း မှတ်တမ်းဓါတ်ပုံ



ကော်မတီဝင်များ၏ မှတ်တမ်းဓါတ်ပုံ

၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးကြည်စိုး | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်အေးအေးစိုး | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးသန်းနိုင် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဦးခင်မောင်ဦး | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဒေါ်သက်သက်မော် | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးကြည်သိန်း | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၇ | ဒေါ်သန်းငွေ | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဦးနိုင်ဝင်း | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၉ | ဒေါ်ညိုညိုဝင်း | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၀ | ဦးဆန်းထွန်း | ကျား | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၁ | ဒေါ်အေးအေးအောင် | မ | ဝေဖန်အကြံပြုတိုင်ကြာချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၂ | ဦးကြည်ခိုင် | ကျား | စေတနာ့ဝန်ထမ်း |
| ၁၃ | ဒေါ်ချိုမာဦး | မ | စေတနာ့ဝန်ထမ်း |
| ၁၄ | ဦးမောင်ကိုဝင်း | ကျား | ကျေးရွာငွေစာရင်းကိုင် |

စုစုပေါင်း။ (၁၄) ယောက်　　ကျား(၇)ယောက်+မ(၆)ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

၁။ဒေါ်အေးအေးစိုး　ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ
၂။ဦးကြည်စန်း　　ဘဏ္ဍာရေးဆက်ကော်မတီဥက္ကဌ

**မှတ်တမ်းတင်သူ**

အမည်။ ဒေါ်ဇင်မာလှိုင်

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။၁၅.၂.၂၀၁၇

၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | |
|---|---|---|
| **လမ်းညွှန်ချက်။** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | |
| ကျေးရွာခေါင်းဆောင် အမည် ဦးစံဝင်း | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် ၀၉-၄၂၀၂၅၈၇၉၆၆ | လူထုစည်းရုံးရေးမှူး၏ အမည် ဒေါ်ရင်မာဦး |
| ပြည်နယ်၊တိုင်းဒေသကြီး ရခိုင် မြို့နယ် ကျောက်တော် | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) --ဗမာ--- | ၂၂၆ | ဘာသာ (၁) --ဗုဒ္ဓ----- | |
| လူမျိုးစု (၂) --ဟိန္ဒူ-- | ၄ | ဘာသာ (၂) ခရစ်ယာန် | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၅၀ | | |
| စစ်ဘေးရှောင် | – | – | – |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)---------- | ၄၅၀ | ၅၀၀ |
| လူမျိုးစု (၂)---------- | ၆ | ၉ |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၁၉၈ | ၃၆ |

### (ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| | | | | | |
|---|---|---|---|---|---|
| **စာသင်ကျောင်း** ✓ | အမှတ်ခြစ်ပါ | **ကျန်းမာရေး** | အမှတ်ခြစ်ပါ | **ဘာသာရေး အဆောက်အအုံများ** ✓ | အမှတ်ခြစ်ပါ |

| | | | | | |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | ခေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဇလီ | ☑ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း　ကတ္တရာလမ်း　ကွန်ကရစ်လမ်း　မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း　(မြေသားလမ်း)　လူသွားလမ်း　အခြား _______

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်　ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား?　ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း?　နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား?　ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း?　မိုင်--၁----/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်-၁၀မိနစ်---- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား -----------------

မိုးရာသီတွင်ကြာချိန်--၁နာရီဝက်၊ မိနစ်(၂၀)-------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/(ခြေလျင်)/လှည်း/မော်တော်ဘုတ်/
အခြား -မော်တော်ဘုတ်၊

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---နာဂလေဏမုနိဝိုင်း------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) --မြစိမ်းရောင်----------

(၂) --နာရေးကူညီမှု------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် — အမည် ဦးစံဖေ

လက်မှတ် [signature] နေ့စွဲ ၁၃-၂-၂၀၁၇

လူထုစည်းရုံးရေးမှူး — အမည် ဒေါ်ခင်မာလှိုင်

လက်မှတ် [signature] နေ့စွဲ ၁၃-၂-၂၀၁၇

၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

ပုံစံ - စ- ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ( Form PC 3 )

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်၊ အဆင့် ( ၃ ) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသည့်အခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူး အကူအညီဖြင့် ဤပုံစံကို ပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူးအမည် / ဝန်ထမ်းအမည် ဒေါ်ခင်တာလှိုင် | | | |
| နေ့စွဲ ၁၅.၂.၂၀၁၇ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း ( ၁ ) ☐ စက်ဝန်း ( ၂ ) ☐ စက်ဝန်း ( ၃ ) ☐ စက်ဝန်း ( ၄ ) | |
| ပြည်နယ် / တိုင်း ရန်ကုန် | မြို့နယ် ကျောက်တန်း | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

က။ အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ ( အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ( ၅ )ခုစီဖော်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | | အမျိုးသမီးအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း | ၁ | မိုးရာသီ သွားလာရခက်ခဲခြင်း |
| ၂ | လမ်းပန်းဆက်သွယ်သွားလာမှုခက်ခဲခြင်း | ၂ | ကျန်းမာရေး လက်လှမ်းမှီမှုမရှိခြင်း |
| ၃ | စာသင်ကျောင်းကျဉ်း ရေမြုပ်မှုကြောင့်အကျက် | ၃ | အလုပ်အကိုင်အခွင့်အလမ်း ခက်ခဲခြင်း |
| ၄ | ကျန်းမာရေး ဆေးခန်း မရှိခြင်း | ၄ | မီးရရှိမှု မရှိခြင်း |
| ၅ | လျှပ်စစ်မီး မရှိခြင်း | ၅ | လမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်း |

ခ။ မျှော်မှန်းခြင်း - နောက်လာမည့် ( ၅ )နှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော မျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ မျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာစေရန် | ၁ | ရပ်ရွာသာယာ ဖွံ့ဖြိုးတိုးတက်လာစေရန် |
| ၂ | ဆက်သွယ်ရေးမြေသားလမ်းအား ကွန်ကရစ်လမ်းဖြစ်လာစေရန် | ၂ | အလုပ်အကိုင်အခွင့်အလမ်း ပေါများစေခြင်း |
| ၃ | စာသင်ကျောင်း ကောင်းမွန်လာစေရန် နှင့် မျက်နှာကြက်တပ်နိုင်လာစေရန် | ၃ | လျှပ်စစ်မီး ရရှိစေရန် |
| ၄ | ကျေးလက်ဆေးပေးခန်း ရှိလာစေရန် | ၄ | အလယ်တန်းကျောင်း ရရှိလာစေရန် |
| ၅ | လျှပ်စစ်မီး ရရှိလာစေရန် | ၅ | လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာစေရန် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းအစီစဉ်များ အားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းအရေအတွက် |
|---|---|---|---|---|
| ၁ | စက်ရေတွင်း ရရှိရန် | က + မ | ၄၀၀၀,၀၀၀ | |
| ၂ | ရွာတွင်း လမ်း | မ | ၁၃၀၀၀,၀၀၀ | |
| ၃ | တံတား ပြုပြင်ခြင်း | က | ၈၀၀၀,၀၀၀ | |
| ၄ | သောက်ရေကန်ပြုပြင်ခြင်းနှင့် ... တက်ခြင်း | က + မ | ၆၁၀၀,၀၀၀ | |
| ၅ | ဆေးပေးခန်း | က + မ | ၈၀၀၀,၀၀၀ | |
| ၆ | စာသင်ကျောင်း ပြုပြင်ရန် | က | ၅၀၀၀,၀၀၀ | |
| ၇ | စာကြည့်တိုက် ပြုပြင်ရန် | က | ၄၀၀၀၀၀၀ | |
| ၈ | အလယ်တန်းကျောင်း | မ | ၂၀,၀၀၀,၀၀၀ | |
| ၉ | ဘောလုံးကွင်း | မ | ၇၀၀၀,၀၀၀ | |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁။ | ရေဒုက္ခကင်းမြောင်း၊ ရေကန်ခါး ပြုလုပ်ရန် | က | |
| ၂။ | လျှပ်စစ်မီး ရရှိရန် (အိမ်သုံး) | က + ဓ | |
| ၃။ | ကလေးကစားကွင်းလမ်း ရရှိရန် | ယ | |
| ၄။ | ဆိုလာမီး (အိမ်သုံး) ရရှိရန် | ယ | |
| | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည် ဦးကြည်ဝင်း လက်မှတ် [illegible] နေ့စွဲ ၁၅·၂·၂၀၁၇

အမည်-ဒေါ်[illegible] လက်မှတ် [illegible] နေ့စွဲ ၁၅·၂·၂၀၁၇

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကော့မှူးကော်တန်းမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ဂငူ

ကျေးရွာအုပ်စု သဒ္ဒပွင့်ချင်း

အစည်းအဝေးပြုလုပ်သည့်နေရာ ကျေးရွာဘုန်းကြီးကျောင်း

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ၁၃.၂.၂၀၁၇

အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ ကျေးရွာပထမအကြိမ်အစည်းအဝေး

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (၈၉ )ဦး ၊မ ( ၆၉ )ဦး= (၁၅၈) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်မှတ်တမ်းတင်သူပါဝင်ရမည်။

ရည်ရွယ်ချက်။ ။ကျေးရွာလူထုအားစီမံကိန်း နှင့် ပတ်သတ်သည်များကို သိရှိစေရန်။
ကျေးရွာစေတနာ့ဝန်ထမ်းများ ရရှိလာစေရန်။

ဆွေးနွေးချက်။ ။လူထုစည်းရုံးရေးမှူး ဒေါ်ခင်မာလှိုင်မှ ကျေးရွာသူ ရွာသားများအား မိတ်ဆက်၍ စီမံကိန်း စတင်ဖြစ်ပေါ်လာပုံ နှင့် ရွာသူ၊ရွာသားများ အားလုံးနှင့်သက်ဆိုင်ကြောင်း၊အားလုံး ပူးပေါင်း ပါဝင်မှသာ ဖွံ့ဖြိုးရေး လုပ်ငန်းများ လုပ်ဆောင်နိုင်မည် ဖြစ်သောကြောင့် ပူးပေါင်းပါဝင် ပေးရန် ပြောကြားခဲ့သည်။

ဆွေးနွေးချက်။ ။ဒေါ်ခင်မာလှိုင်မှ စီမံကိန်း မိတ်ဆက် (၁၅)ချက်အားရှင်းလင်း ပြောကြားခဲ့သည်။ စီမံကိန်း စက်ဝန်းကို ရှင်းပြခဲ့သည်။ အပိုင်း (၆) ပိုင်း အဆင့် (၁၄) ဆင့်ကိုလည်း ရှင်းခဲ့သည်။ ဆက်လက်၍ စီမံကိန်းတွင် အဓိက တာဝန်ရှိသူများနှင့် ၎င်းတို့၏ တာဝန်များ အကြောင်းရှင်းပြခဲ့သည်။ ထို့နောက် ရှင်းလင်း ပြောကြားခဲ့သည်များကို မရှင်းလင်း၊ နားမလည်ပါက ပြန်လည်မေးမြန်းနိုင်ပါကြောင်း ပြောကြားခဲ့သည်။ ရွာလူထုမှ နားလည်ရှင်းလင်းပါကြောင်း ပြန်လည်ပြောကြားသောကြောင့် ပြောခဲ့သည်များကို ပြန်လည်အနှစ်ချုပ် ပြောကြားခဲ့သည်။

ဆုံးဖြတ်ချက်။ ။ ဆက်လက်၍ ဒေါ်ရင်မာလှိုင် ကျေးရွာစေတနာ့ဝန်ထမ်း ရွေးချယ်မည့် အကြောင်းကို ရှင်းပြခဲ့သည်- အမျိုးသား (၃) ဦး၊ အမျိုးသမီး (၁) ဦး ရွေးချယ်ရပါမည်- ကျေးရွာတွင် မည်မျှထားမည် ဟူသောအချက်ကိုမေးမြန်းရာတွင် ကျေးရွာမှ (၂) ယောက်သာထား မည်ဖြစ်ရာ ကျေးရွာအချို့ အဆိုပြုချေ၍ မဲပေးရွေးချယ်ရာ တွင် ဦး ကြည်လှိုင် နှင့် ဒေါ်ချိုမာဦး တို့ကို ကျေးရွာစေတ နာ့ဝန်ထမ်းအဖြစ် ပွင့်လင်းမြင်သာစွာ ရွေးချယ်ခဲ့သည်။ စေတနာ့ ဝန်ထမ်းရွေးချယ်ပြီးနောက်ဒေါ်ရင်မာလှိုင်မှ ရွာသူ၊ ရွာသား များ အား ကျေးဇူးတင်ကြောင်း ပြောကြားပြီး လူထုဗဟိုပြုစီမံကိန်း မိတ်ဆက်အစည်းအဝေးအား အောင်မြင်စွာ ရုတ်သိမ်း ခဲ့ပါသည်-

မှတ်တမ်းတင်သူ
ဒေါ်ရင်မာလှိုင်
လူထုစည်းရုံးရေးမှူး

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်

## ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ........ ဘဂု

ကျေးရွာအုပ်စု ........ သန်းပွင့်ချင်း

အစည်းအဝေးပြုလုပ်သည့်နေရာ ........ ကျေးရွာဘုန်းကြီးကျောင်း

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ........ ၁၅း၂း၂၀၁၇

အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ ........ ကျေးရွာဒုတိယအကြိမ်မြောက်အစည်းအဝေး

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (၆၄)ဦး ၊မ ( ၅၇ )ဦး= (၁၂၁) ဦး

ရည်ရွယ်ချက်၊ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

**ရည်ရွယ်ချက်။** ။ အမျိုးသားများနှင့် အမျိုးသမီးများ၏ အခက်အခဲများအား သိရှိစေရန် ကျေးရွာ၏ မျှော်မှန်းချက်များ သိရှိစေရန်၊ ဦးစားပေးလုပ်ငန်းစဉ်များအား သိရှိစေရန် စီမံကိန်းလုပ်ငန်းစဉ်များအား ဦးဆောင်လုပ်ကိုင်နိုင်မည့်စီမံခန့်ခွဲမှုကော်မတီဝင်များ ထွက်ပေါ်လာစေရန်။

**ဆွေးနွေးချက်။** ။ ဒေါ်ခင်မာလှိုင်မှ အမျိုးသား၊ အမျိုးသမီးများအား သီးခြားခွဲခြားစေ၍ ၎င်းတို့၏ အခက်အခဲများ၊ ကျေးရွာအတွက် မျှော်မှန်းချက်များကို ဖော်ထုတ်ခဲ့သည်။ ၎င်းအခက်အခဲများမှ မျှော်မှန်းချက်သို့ရောက်ရှိရန် စီမံကိန်းလုပ်ငန်းစဉ်များဖြင့် သွားမှသာ ရရှိနိုင်မည်ဖြစ်ကြောင်းကို ပြောကြားခဲ့သည်။ အမျိုးသား၊ အမျိုးသမီးများ၏ ထွက်ပေါ်လာသော ဖွံ့ဖြိုးရေးလုပ်ငန်းများအား ပေါင်းရေးကျ ခဲ့စေ့စပ်ဖြင့် ဦးစားပေး သတ်မှတ်ခဲ့သည်။ စက်ရေတွင်း၊ ရွာတွင်းလမ်း၊ တံတား ပြုပြင်ခြင်း၊ သောက်ရေကန် ပြုပြင်ခြင်း နှင့် ခြံစည်းရိုးခတ်ခြင်း၊ ဆေးပေးခန်း၊ စာသင်ကျောင်း ပြုပြင်၊ တကြည့်ကိုက်ပြုပြင်ရန်၊ အလယ်တန်းကျောင်း ရရှိရန်နှင့် ဘောလုံးကွင်း ရရှိရန်တို့ အများဆန္ဒဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ ရွေးချယ်ခဲ့ပါသည်။

ဆုံးဖြတ်ချက်။ ။ကျေးရွာ၏ ဦးစားပေးလုပ်ငန်းများအား စီမံခန့်ခွဲနိုင်ရန် ကျေးရွာစီ/ကော် ခေါင်းဆောင်ကောင်းရှိရမည်ဟု ဆွေးနွေး၍ ၎င်းတို့၏ တာဝန်ဝတ္တရားများနှင့် အမျိုးသား၊ အမျိုးသမီး (၁၁)ဦး စီကောင်းရှိရမည်ဟု ပြောကြားခဲ့၍ ကျေးရွာလူထုအား (၃၁)ဦးစီ အဆိုပြုစေရာ ဦးကြည်စိန်း နှင့် ဒေါ်ဖေးဖေးခိုင် တို့မှ မဲအများသုံး နှင့် ရွေးချယ်ခံခဲ့ရသည်။ ကျေးရွာငွေစာရင်းကိုင်အတွက် (၃၁)ဦး အဆိုပြု၍ မဲပေးရွေးချယ်ခဲ့ရာ ဦးမောင်ကိုဝင်းမှ ရွေးချယ်ခံခဲ့ရပါသည်။ ဝယ်ယူရေးဆပ်ကော်မတီအတွက် ဦးသန်းနိုင်၊ ဦးခင်မောင်ဦး၊ ဒေါ်သက်သက်မော် တို့ကို မဲပေး ရွေးချယ်ခဲ့သည်။ စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီတွင် ဦးကြည်သိန်း၊ ဒေါ်သန်းငွေးတို့ကို မဲပေးရွေးချယ်ခဲ့သည်။ လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီတွင် ဦးရှိုဝင်း၊ ဒေါ်ခိုင်ခိုင်ဝင်း တို့မှာ မဲအများသုံး ဖြင့် ရွေးချယ်ခံခဲ့ရပါသည်။ ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့တွင် ဦးဆန်းထွန်း၊ ဒေါ်ဖေးဖေးအောင်တို့မှာ အများဆန္ဒ ဖြင့်မဲပေး ရွေးချယ်ခဲ့ကြသည်။

သဘောတူညီချက်။ ။ကျေးရွာလူထုမှထပ်မံ၍ ဒေါ်ခင်မာလှိုင်မှ လက်မဲပေးရွေးချယ်မှုအပေါ် ကျေးရွာလူထု၏ သဘောထားကို ထပ်မံမေးမြန်း၍ အများသဘောတူညီချက်ဖြင့်ပွင့်လင်းမြင်သာစွာမဲပေးရွေးချယ်ခဲ့ကြောင်း ပြောကြား၍ရွေးချယ်ခံရသူများကိုလက်ခံပါသလားဟုမေးမြန်းရာအားလုံးသဘောတူညီသဖြင့် ရွေးချယ်ခံကော်မတီဝင်များကို ဆောင်ရန်၊ ရှောင်ရန်နှင့်လိုက်နာသော ကိုယ်ရေးအချက်အလက်များ၊လက်မှတ်ရေးထိုး၍ ကျေးရွာသူ/သားများ၏သဘောတူညီမှုဖြင့်ဆောင်ရွက်ခဲ့ပြီး အစည်းအဝေးအားရုပ်သိမ်းခဲ့ပါသည်။

မှတ်တမ်းတင်သူ
ဒေါ်ခင်မာလှိုင်
လူထုစည်းရုံးရေးမှူး

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-
မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
  - ရှိ
  - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊